

# လွယ်ဖီ

ရှမ်း၊ ကယားနယ်ကို ခြံစည်းရိုးခတ်ထားတဲ့
ချောင်းရိုးလေးက
သူ့ကို ထွေးပွေ့ထားတယ်။
ပြောရမယ်ဆိုရင်
ကြီးတောင့်ကြီးမား သားတယောက်ကို ပွေ့ချီထားတဲ့
အမေပိန်ပိန်လေးလိုပေါ့။

မြင့်မား၊ သွယ်တန်း၊ ရှည်လျား
လွယ်ဖီဟာ ကျားကျားယားယားတော့ရှိတယ်။
ကျနော့်သူပုန်ချက်မြုပ်တာက
မဲနယ်တောင် အရှေ့ဘက်တောင်စွယ်ဆိုတော့
ကျနော့်ရဲ့ သူပုန်ဘဝကို
သူ့ကျော်ကုန်းပေါ်မှာ
လေးဘက်ထောက်သွားစေခဲ့တာပေါ့။

အဲဒီမှာပဲ အခြေခံစစ်ပညာတွေသင်ခဲ့တယ်
အဲဒီမှာပဲ ကိုတိုက်မောင်းနဲ့တွေ့ခဲ့တယ်
အဲဒီမှာပဲ ဒီအချိန်အထိ တည်သွားမယ့်
ရဲဘော်ရဲဘက်တွေကို တွေ့ခဲ့တယ်
အဲဒီမှာပဲ ကျနော့်ရဲ့ ပထမဆုံး ဆောင်းပါးကို သေနတ်သံ
ဂျာနယ်မှာ ရေးခဲ့တယ်
အဲဒီမှာပဲ လက်ရေးနဲ့ ကဗျာ စာအုပ်တွေထုတ်ခဲ့တယ်
အဲဒီကိုဗဟိုပြုပြီး ဆီဆိုင်ကိုဝင်မယ့် ရန်သူကိုဝိုင်းပတ်ပြီး
ခြေမှုန်းရေးစစ်ပွဲနွှဲခဲ့တယ်
အဲဒီမှာပဲ ရန်သူဆီက သိမ်းဆည်းရမိတဲ့ လက်နက်တွေကို
တွေ့ဖူးတယ်
အဲဒီမှာပဲ ကိုယ်ပိုင်သေနတ်တလက်ရခဲ့တယ်
အဲဒီမှာပဲ တိုက်ပွဲဝင်သူရဲကောင်းတွေဖြစ်တဲ့
၈၀၁ က ကယမ်းရဲဘော် မောင်ရွှေနဲ့
ကျနော့်ရဲ့ ရဲဘော်ကြီးနိုင်မိုးအောင်ကို ထားခဲ့ရတယ်။
အဲဒီမှာပဲ ကျဆုံးရဲဘော်ကို ရှေ့မှာထားပြီး
ကမ္ဘာမကြေဘူးသီချင်းကို သီဆိုခဲ့ရတယ်
မျက်ရည်များနဲ့ တုန်လှိုက်နေတဲ့ သီချင်းသံ။

အဲဒီမှာ
ရန်သူကို ရန်သူလို့ ပြတ်ပြတ်သားသားမြင်ခဲ့ရတာပေါ့
ကျနော်တို့ရှေ့မှာ ရန်သူကလွဲပြီး ဘယ်သူမှ မရှိဘူးလေ။

ညဘက်တွေဆို
ဦးစိုးအောင်လွင်တဲကိုသွားပြီး မုန့်တောင်းစားကြတယ်
အဲဒီက အဆင်မပြေရင် မျက်စောင်းထိုးက
တောင်စောင်းလေးကို မေးတင်ဆောက်ထားတဲ့
တဲလေးကိုသွားပြီး
လက်ဖက်ခြောက်တွေ ထောင်းစားကြတယ်။

နောက်ပြီး စကားတွေပြောကြတယ်
အမှန်က ကျနော်တို့က နားထောင်တာပါ
အဲဒီနားထောင်ဖော်တွေဟာ
ကျနော်ရဲဘော်တွေဖြစ်လာကြပြီး
ပြောကြသူတွေကတော့ ကျနော့်ရဲ့ ရဲဘော်ကြီးတွေအဖြစ်
သံသရာတကွေ့မှာ ပြန်တွေ့ဖြစ်ကြပြန်တယ်။

ကျနော်အမှတ်ရနေသေးတဲ့ နောက်တခုကတော့
အဖေ့ဆီကို စာလှမ်းရေးလိုက်တာပါပဲ
"အဖေ စိတ်ကူးယဉ်တယ်ဆိုတာ
အနာဂတ်ကို ဇာတ်တိုက်ကြည့်တာပါပဲ အဖေ"

ညိုထက် (လမ်းသစ်ဦး)